

# ဒေါက်တာစူး (Dr.Seuss)

ဒေါက်တာစူး၏ အမည်ရင်းမှာ Theodor Seuss Geisel ဖြစ်သည်။ သူ့ကို Dr.Seuss (ဒေါက်တာစူး)ဟု လူသိများသည်။ ၁၉၀၄ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် မွေးဖွားကာ ၁၉၉၁ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်၊ အသက် ၈၇ နှစ်အရွယ်တွင် ကွယ်လွန်သည်။ ကလေးစာအုပ်ပေါင်း ၆၀ ကျော် ရေးဆွဲခဲ့သည်။ ဒေါက်တာစူး အမည်ဖြင့်သာမကဘဲ Theo.LeSieg နှင့် Rosette Stone အမည်များဖြင့်လည်း စာအုပ်ဒါဇင်ကျော် ရေးသားခဲ့သည်။ သူကား ကလေးပုံပြင်များ နာမည်ကျော် စာရေးဆရာကြီးတစ်ဦး ဖြစ်သည်။ အရောင်းရဆုံး စာရေးဆရာတစ်ဦးလည်း ဖြစ်သည်။ သူ့စာအုပ်ပေါင်း သန်းပေါင်း ၂၂၂ သန်းမက ရောင်းရသည်။ ဘာသာပေါင်း ၁၅ ဘာသာပြန်ဆိုခြင်း ခံရသည်။ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှာတင် သူ့ကို ကလေးစာအုပ် အရောင်းရစာရင်း ဝင်နေဆဲ ဖြစ်သည်။ Green Eggs and Ham က နံပါတ် ၄၊ The Cat in the Hat က နံပါတ် ၉၊ One Fish Tow Fish Blue Fish က နံပါတ် ၁၃ ချိတ်သည်။ ဒေါက်တာစူး၏ ABC ကလည်း ထိုစာရင်းဝင်ထဲ ပါသည်။ သူ့ဘဝတွင် ကလေးစာအုပ်ဟု အမည်တပ် ထားသော်လည်း အဆင့်အတန်းမြင့်သော အတွေးအခေါ်များပါသည့် စာအုပ်နှစ်အုပ် ရေးသားခဲ့သည်။ တစ်အုပ်မှာ နိုင်ငံရေးနှင့် ဆက်နွှယ်နေသော Dr.Seuss's The Butter Battle Book စာအုပ်နှင့် သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သည့် Dr.Seuss's Lorax တို့ ဖြစ်သည်။ ယခုစာအုပ်သည် သဘာဝပတ်ဝန်းကျင်နှင့် ဆက်နွှယ်နေသည့် Dr. Seuss's Lorax ကို 'သူတို့ ပြန်လာပါတော့မလား' အမည်ဖြင့် ကံ့ကော်ဝတ်ရည် စာပေက ထုတ်ဝေထားခြင်း ဖြစ်ပါသည်။

ဒေါက်တာစူးနှင့် ပတ်သက်သော ထူးခြားချက် ၅ ချက် ရှိသည်။ ၎င်းတို့မှာ ကလေးစာအုပ်များ ရေးသားခဲ့သော ဒေါက်တာစူးတွင် သားသမီး တစ်ယောက်မှ မရှိပါ။ သူက "မင်းတို့မှာ ကလေးတွေ ရှိတယ်၊ ကျွန်တော်က သူတို့ကို ပျော်ရွှင်အောင် လုပ်ပေးမယ်" ဟု ပြောခဲ့သည်။ သူ့ကလောင်အမည်မှာ 'ဒေါက်တာ' တပ်ထားသော်လည်း သူက ဆရာဝန်တစ်ယောက် မဟုတ်ပါ။ သူ့ဖခင်က သူ့ကို ဆရာဝန်ဖြစ်စေချင်သည်။ သူက ဝါသနာမပါခဲ့ဘဲ ကာတွန်းဆွဲတာပဲ ဝါသနာပါသည်။ ဒါကြောင့် သူ ကာတွန်းဆရာ ဘဝကို ယူလိုက်တော့ သူ့ဖခင် ဖြစ်စေချင်သော ဆရာဝန်ဘွဲ့ကို သူက သူ့ကလောင်အမည် ရှေ့ တပ်ခဲ့ခြင်း ဖြစ်လေသည်။ သူ၏ ပထမဆုံး ကာတွန်းစာအုပ် Mulberry Street မှာ ၁၉၃၇ ခုနှစ်တုန်းက ထုတ်ဝေသူ ၂၇ ဦး၏ ငြင်းပယ်မှုကို ခံခဲ့ရသည်။ သူ၏ Green Hats and Pen စာအုပ်တွင် စာလုံး ၅၀ သာ ပါသည်။ သူ့ဘဝတွင် အတွေးအခေါ်အားဖြင့် အဆင့်မြင့်သော နိုင်ငံရေးစာအုပ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာအုပ်နှစ်အုပ် ရေး ခဲ့သည်။ ၎င်းတို့မှာ Butter War နှင့် Lorax တို့ ဖြစ်ပါသည်။